ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
အမျိုးသားညီညွတ်ရေးအစိုးရ
အလုပ်သမားဝန်ကြီးဌာန
ကြေညာချက်အမှတ် ( ၄ / ၂၀၂၂ )
၁၃၈၃ ခုနှစ်၊ တပေါင်း လကွယ်နေ့
(၂၀၂၂ ခုနှစ်၊ မတ်လ ၃၁ ရက်)

## ပြည်တွင်း အလုပ်အကိုင်အကျိုးဆောင်အေဂျင်စီများ နှင့် ပြည်ပအလုပ်အကိုင်အကျိုးဆောင် အေဂျင်စီများ လိုက်နာဆောင်ရွက်ရမည့် အချက်များနှင့် စပ်လျဉ်း၍ အသိပေးကြေညာခြင်း

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ အမျိုးသားညီညွတ်ရေးအစိုးရ၏ အမိန့်ကြေညာချက်အမှတ်(၁/၂၀၂၁) အရ တရားမဝင် စစ်အုပ်ချုပ်ရေးယန္တယား တစ်ခုလုံးအား အပြီးတိုင်ဖျက်သိမ်းပစ်ရန် လိုအပ်လာခြင်းဟူသော ဖြစ်ပေါ်ပြောင်းလဲလျက်ရှိသည့် အခြေအနေ အရပ်ရပ်ကြောင့် ပြည်သူ့အုပ်ချုပ်ရေးအာဏာပြန်လည် ထူထောင်နိုင်သည့်အချိန်ထိ နိုင်ငံတစ်ဝန်းလုံးအား အရေးပေါ်အခြေအနေအဖြစ် သတ်မှတ်ထားပြီးဖြစ်ပါသည်။

၂။ ပြည်ထောင်စုလွှတ်တော်ကိုယ်စားပြုကော်မတီမှ ၂၀၂၁ ခုနှစ်၊ မတ်လ ၁ ရက်နေ့တွင် ကြေညာချက်အမှတ် (၁၀/၂၀၂၁) ဖြင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်နှင့် နိုင်ငံသူ/နိုင်ငံသားများအပေါ် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပါ အကြမ်းဖက်မှုများကို ကျူးလွန်လျက်ရှိသည့် **"နိုင်ငံတော်စီမံ အုပ်ချုပ်ရေးကောင်စီ"** အား **"အကြမ်းဖက်အုပ်စု"** အဖြစ် သတ်မှတ်ခဲ့ပြီး ထပ်မံအသွင်ပြောင်းဖွဲ့စည်းသည့်အိမ်စောင့်အစိုးရအဖွဲ့နှင့်လက်အောက်ခံအုပ်ချုပ်ရေးအဖွဲ့အစည်းအဆင့်ဆင့်အပါအဝင် ယင်းအာဏာသိမ်းစစ်ကောင်စီ၏ အုပ်ချုပ်ရေး၊ ဥပဒေပြုရေးနှင့် တရားစီရင်ရေး ဆောင်ရွက်ချက်များသည် လုံးဝ**(လုံးဝ)** တရားမဝင်ပါကြောင်းထုတ်ပြန်ကြေညာထားပြီးဖြစ်ပါသည်။

၃။ ယခုအချိန်အခါသည် အမျိုးသားညီညွတ်ရေးအစိုးရနှင့်အတူ ပြည်သူတစ်ရပ်လုံးမှစစ်အာဏာရှင်ကိုနည်းလမ်းမျိုးစုံအသုံးပြု၍တွန်းလှန်နေသည့် ကာလဖြစ်သည့်အားလျော်စွာ ပြည်တွင်းအလုပ်အကိုင်အကျိုးဆောင်အေဂျင်စီများနှင့် ပြည်ပအလုပ်အကိုင်အကျိုးဆောင်အေဂျင်စီများ အနေဖြင့် ပြည်သူ့အုပ်ချုပ်ရေးအာဏာ ပြန်လည်ထူထောင်နိုင်သည့် အချိန်ထိ အောက်ပါအတိုင်း လိုက်နာပူးပေါင်းဆောင်ရွက်ရန် အသိပေးအပ်ပါသည် -

(က) စစ်ကောင်စီထံ ကုမ္ပဏီနှင့် အေဂျင်စီလိုင်စင်သက်တမ်းတိုးခြင်း၊ အသစ်လျှောက်ထားခြင်း မပြုရန်၊

(ခ) စစ်ကောင်စီသို့ အခွန်အခနှင့် အာမခံကြေးများ မပေးသွင်းရန်၊

(ဂ) အလုပ်အကိုင်ရှာဖွေပေးရေးနှင့်စပ်လျဉ်း၍ အလုပ်သမားများ၏ အခွင့်အရေး အပြည့်အဝ ရရှိစေရေးနှင့် နစ်နာဆုံးရှုံးမှုများ မရှိစေရေး ဦးစားပေး စီမံဆောင်ရွက်ရန်နှင့် မိမိတာဝန်ယူအကျိုးဆောင်ခဲ့သည့် အလုပ်သမားများအပေါ် အခွင့်အရေး ချိုးဖောက်ခံရမှုများနှင့် အလုပ်သမားရေးရာ ပြဿနာရပ်များ ဖြစ်ပေါ်လာပါက အချိန်နှင့်တစ်ပြေးညီ လိုက်ပါကူညီဖြေရှင်း ဆောင်ရွက်ပေးရန်၊

(ဃ) သက်ဆိုင်ရာနိုင်ငံရှိ အလုပ်ရှင်က ကျခံရမည့် ဝန်ဆောင်ခကို အလုပ်သမားထံမှ ကောက်ခံခြင်းမပြုဘဲ ဥပဒေပါအတိုင်း အလုပ်ရှင်မှကျခံနိုင်ရေး စီစဉ်ဆောင်ရွက်ရန်၊

(င) ပြည်တွင်းအလုပ်အကိုင်အကျိုးဆောင်အေဂျင်စီများ နှင့် ပြည်ပအလုပ်အကိုင်အကျိုးဆောင်အေဂျင်စီများအနေဖြင့်မိမိတို့၏လုပ်ငန်းလိုင်စင်များကို အမျိုးသားညီညွတ်ရေးအစိုးရ၊ အလုပ်သမားဝန်ကြီးဌာနထံ မှတ်ပုံတင်ပြန်လည်လျှောက်ထားရန်။

၄။ အထက်အပိုဒ် (၃) ပါအချက်များကို လိုက်နာဆောင်ရွက်ခြင်းမရှိသည့် ကုမ္ပဏီနှင့် အေဂျင်စီများကို ဝန်ကြီးဌာန၏ စီမံခန့်ခွဲရေးနည်းလမ်းအရ အမည်ပျက်စာရင်း (Blacklist) ထည့်သွင်း၍ ရာသက်ပန် လုပ်ငန်းလိုင်စင် ပိတ်သိမ်းမည်ဖြစ်ပြီး အဆိုပါ **အမည်ပျက်စာရင်း (Blacklist) အားအများပြည်သူ့သိရှိနိုင်စေရန်** ထုတ်ပြန်ကြေညာသွားမည်ဖြစ်သည်။

၅။ ထို့ပြင် Coved – 19 ကပ်ရောဂါကြောင့် စီးပွားရေးအကြပ်အတည်းဖြစ်နေချိန် အကြမ်းဖက်စစ်ကောင်စီမှ မတရားအာဏာသိမ်းခဲ့မှုကြောင့် အခက်အခဲများစွာနှင့် ကြုံတွေ့နေရသည့် မြန်မာပြည်သူများအပေါ် စာနာထောက်ထားငဲ့ညှာမှုမရှိဘဲ ထိုင်းနိုင်ငံသို့အလုပ်သမားစေလွှတ်ခြင်းအတွက် အလုပ်သမားပေးဆောင်ရမည့် ဝန်ဆောင်ခ ကျပ် ၁၅၀,၀၀၀ မှ ကျပ် ၃၀၀,၀၀၀ သို့ တိုးမြှင့်သတ်မှတ်ခြင်းနှင့် ထိုင်းဘက်ခြမ်းတွင် အလုပ်သမားကျခံရမည့် ကုန်ကျစရိတ်များနှင့်စပ်လျဉ်း၍ အလုပ်သမားများ သက်သာမှုရှိစေရေး သက်ဆိုင်ရာ နိုင်ငံအစိုးရနှင့် ညှိနှိုင်းဆောင်ရွက်ခြင်းမပြုဘဲ တိုးမြှင့်လိုက်သည့် ကုန်ကျစရိတ်များအတိုင်း အလုပ်သမားများထံမှ ကောက်ခံ၍ စေလွှတ်ရန် စီစဉ်ဆောင်ရွက်နေမှုအပေါ် မိမိတို့ ဝန်ကြီးဌာနမှ ပြင်းထန်စွာ ရှုတ်ချကန့်ကွက်ကြောင်းနှင့် ပြည်ပအလုပ်အကိုင်အကျိုးဆောင် အေဂျင်စီများအနေဖြင့်လည်း လိုက်နာဆောင်ရွက်ခြင်း မပြုရန် အသိပေးအကြောင်းကြားသည်။

၆။ ပြည်တွင်း အလုပ်အကိုင်အကျိုးဆောင်အေဂျင်စီများနှင့် ပြည်ပအလုပ်အကိုင်အကျိုးဆောင်အေဂျင်စီများအနေဖြင့် မိမိတို့၏လုပ်ငန်းလိုင်စင်များကို အမျိုးသားညီညွတ်ရေးအစိုးရ၊ အလုပ်သမားဝန်ကြီးဌာန၏ https://mol.nugmyanmar.org/forms/ တွင် Online စနစ်ဖြင့် ပြန်လည် မှတ်ပုံတင်လျှောက်ထားရမည်ဖြစ်ပြီး မှတ်ပုံတင်လျှောက်ထားသည့် အေဂျင်စီများ၏ အမည်နှင့်အချက်အလက်များအား လုံခြုံရေးအခြေအနေအရ ထုတ်ပြန်ခြင်းမပြုဘဲ လျှို့ဝှက်ထားမည် ဖြစ်ပါသည်။

၇။ အမျိုးသားညီညွတ်ရေးအစိုးရ၊ အလုပ်သမားဝန်ကြီးဌာနအနေဖြင့် အုပ်ချုပ်ရေးအာဏာပြန်လည်ထူထောင်နိုင်ပြီး လုပ်ငန်းစဉ်များပြန်လည် စတင်ချိန်တွင် မှတ်ပုံတင်ပြန်လည်လျှောက်ထားရန် စာရင်းသွင်းထားသည့်အေဂျင်စီများကိုသာ လိုင်စင်အသစ်ထုတ်ပေး၍ လုပ်ငန်းဆောင်ရွက်ခွင့်ပြုမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**အလုပ်သမားဝန်ကြီးဌာန**
**အမျိုးသားညီညွတ်ရေးအစိုးရ**